ဒါရိုက်တာများလိုက်နာရန် အကျိုးစီးပွားပဋိပက္ခမူဝါဒ

အကျိုးစီးပွားပဋိပက္ခမူဝါဒ

ဒါရိုက်တာအဖွဲ့သည် ၎င်း၏အဖွဲ့ဝင်များနှင့် ဘဏ်၏အရာရှိများ လိုက်နာကျင့်သုံးရန် ဖြစ်သော အကျိုးစီးပွားပဋိပက္ခမူဝါဒကို နည်းလမ်းတကျ စာဖြင့်ရေးသား၍ ချမှတ်ထားရ မည်ဖြစ်ပြီး အဆိုပါ မူဝါဒ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကို ချမှတ်ရမည်။

အကျိုးစီးပွားပဋိပက္ခမူဝါဒတွင် ဘဏ်ဒါရိုက်တာအဖွဲ့ဝင်နှင့် အရာရှိများအား ယင်းတို့ ကိုယ်တိုင်နှင့် ယင်းတို့၏ဆွေမျိုးသားချင်းများက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ဘဏ်တွင်ရယူထားသည့် အဓိကကျသော ငွေရေးကြေးရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးစီးပွားအားလုံးကို ထုတ်ဖော်ကြေညာရန် သတ်မှတ်ပါရှိရမည်။

အကျိုးစီးပွားပဋိပက္ခမူဝါဒတွင် အောက်ပါတို့ပါဝင်ရမည်-

(က) အကျိုးစီးပွားပဋိပက္ခများ ဖန်တီးစေနိုင်သည့် သို့မဟုတ် ပေါ်ပေါက်ရေးကို ဖန်တီးစေနိုင်သည့် ဆောင်ရွက်ချက်များကို ဖြစ်နိုင်သမျှရှောင်ကြဉ်ရမည့် ဒါရိုက်တာ၏ တာဝန်၊

(ခ) ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေစဉ် အကျိုးစီးပွားပဋိပက္ခများ ပေါ်ပေါက် စေနိုင်သည့် သာဓကကိစ္စရပ်များ၊

(ဂ) လုပ်ငန်းဆောင်ရွက်ချက်များကို ထမ်းဆောင်ခြင်းမပြုမီ အဆိုပါ လုပ်ငန်း ဆောင်ရွက်ချက်သည် အကျိုးစီးပွားပဋိပက္ခကို ဖန်တီးခြင်းမရှိကြောင်း သေချာစေရန်အတွက် ဒါရိုက်တာများက လိုက်နာရမည့် ရှုထောင့်စုံသုံးသပ်မှုနှင့် အတည်ပြုမှု လုပ်ငန်းစဉ်များ၊

(ဃ) အကျိုးစီးပွားပဋိပက္ခမှ ဖြစ်ပေါ်လာနိုင်သည့် သို့မဟုတ် ဖြစ်ပေါ်ပြီးဖြစ်သည့်ကိစ္စရပ် တစ်ခုခုကို ချက်ချင်းထုတ်ဖော်ရန် ဒါရိုက်တာ၏တာဝန်၊

(င) ဒါရိုက်တာအနေဖြင့် အကျိုးစီးပွားပဋိပက္ခတွင် ပါဝင်နိုင်သည့်အခြေအနေ သို့မဟုတ် ဘဏ်၏တာဝန်များကို သင့်လျော်စွာဖြည့်ဆည်းရန် ဒါရိုက်တာ၏ စွမ်းဆောင်နိုင်ရည်ကို

စွမ်းဆောင်မှုသည် သံသယဖြစ်ဖွယ်ရှိသည့် အခြေအနေတစ်ခုခုတွင် မဲပေးခြင်းမှ ရှောင်ကြဉ်ရန် ဒါရိုက်တာ၏တာဝန်၊

(စ) ဆက်နွယ်သူများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဘဏ်က ချမှတ်ထား သည့် မူဝါဒအား လေးစားလိုက်နာမှု၊

(ဆ) အဆိုပါမူဝါဒအား လိုက်နာဆောင်ရွက်မှုမရှိခြင်းအတွက် ဒါရိုက်တာအဖွဲ့အနေဖြင့် ဖြေရှင်း ဆောင်ရွက်မည့် နည်းလမ်းများ၊

(ဇ) သတင်းအချက်အလက်အစီရင်ခံခြင်းတွင် လိုက်နာရမည့် သတ်မှတ်ပုံစံနှင့်

(ဈ) ထုတ်ဖော်ကြေညာချက်များအား နှစ်စဉ်ခေတ်နှင့်လျော်ညီစွာ မွမ်းမံခြင်း။

ဒါရိုက်တာအပေါ်တားမြစ်ချက်များ

ဒါရိုက်တာသည် အောက်ပါတို့ကို ဆောင်ရွက်ခြင်းမပြုရ-

(က) ဘဏ်၏ အကျိုးစီးပွားအား ဆန့်ကျင်သည့်ကိစ္စရပ်တစ်ခုခုတွင် ပါဝင်ဆောင်ရွက် ခြင်း၊

(ခ) အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းတွင် ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် တစ်ပြိုင်တည်း တာဝန်ထမ်းဆောင်ခြင်း၊

(ဂ) ဘဏ်၏ နေ့စဉ်စီမံခန့်ခွဲမှု ဆောင်ရွက်ချက်များတွင် ဝင်ရောက်စွက်ဖက်ခြင်း၊

(ဃ) ဆက်သွယ်ဆောင်ရွက်သူနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ငွေရေးကြေးရေး အကျိုး စီးပွားတစ်ရပ်ရပ် ပါဝင်ပတ်သက်နေသည့် အခြေအနေတွင် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ လုပ်ငန်းဆောင်ရွက်ချက်တစ်ရပ်ရပ်၌ ပါဝင်ပတ်သက်ခြင်း၊

(င) တာဝန်ထမ်းဆောင်သည့် ဘဏ်နှင့် ဘဏ်၏အမည်ကို အလွဲသုံးစားပြုခြင်းဖြင့် မိမိအတွက် အကျိုးအမြတ်ဖြစ်ပေါ်စေနိုင်သည့် ဆောင်ရွက်ချက်တစ်ရပ်ရပ်တွင် ပါဝင် ဆောင်ရွက်ခြင်း၊

(စ) လျှို့ဝှက်ထားရမည့် ဆက်သွယ်ဆောင်ရွက်သူ၏ သတင်းအချက်အလက်အား ပေါက်ကြား စေခြင်းနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအား ချိုးဖောက် ခြင်း၊

(ဆ) သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံသတ်မှတ်ချက်များအတွက် ညွှန်ကြားချက်အရ ဒါရိုက်တာ အဖြစ် တာဝန်ထမ်းဆောင်ရန် သင့်လျော်မှန်ကန်ခြင်းမရှိဟု ယူဆနိုင်သည့် ဆောင်ရွက်ချက် တစ်ရပ်ရပ်တွင် ပါဝင်ပတ်သက်နေခြင်း။

(မှတ်ချက်။ ။ Abank ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ အခန်း (၁၆) တွင် ဖော်ပြထားချက်မှ ဖြစ်ပါသည်။)